【၂၀၂၅ခုနှစ်ထုတ်】

## စိုက်ပျိုးမွေးမြူရေးနယ်ပယ်တွင် တိုခုတေးနိုင်ငံခြားသားများလက်ခံခြင်း၏ ဥပမာကောင်းများ

## ရှိမိုးမူရမွေးမြူရေးကုမ္ပဏီလီမိတက်

## ～တိုခုတေးဂိနိုး အမှတ်စဉ် (၂) ဝန်ထမ်း၏လမ်းညွှန်မှုအောက်တွင် နေ့စဉ်လုပ်ငန်းဆောင်တာ စီမံခန့်ခွဲမှုနှင့် သက်မွေးဝမ်းကြောင်းမြှင့်တင်မှုအား သိသာမြင်သာစေသည့် ဆောင်ရွက်မှု～

<table>
<tr>
<td>
အခြေခံအချက်အလက်<br>
တည်နေရာ  အအိချိစီရင်စု အိုးဘုမြို့<br>
မွေးမြူရေး   အမွှေးနက်ဂျပန်မျိုး<br>
သားဖောက်ခြင်းမှ အသားတိုးမွေးမြူခြင်းအထိ<br>
မိမိတို့ကိုယ်ပိုင်မွေးမြူရေးခြံတွင် အစအဆုံး<br>
ထုတ်လုပ်မှု၊ ထို့အပြင် စားသုံးရန်အသားအဖြစ်<br>
ထုတ်ပိုးပြင်ဆင်ခြင်းစသည် ဂျပန်ပြည်တွင်း၊<br>
ပြည်ပသို့ နှစ်စဉ် ခန့်မှန်း အကောင်ရေ ၁,၅၀၀<br>
ခန့် တင်ပို့<br>
အဓိကမွေးမြူရေး  အသားစားနွား<br>
၁,၁၉၀ကောင်၊ နို့စားနွား ၁၂ကောင်<br>
(အုပ်စုတစ်ခုလုံးအနေဖြင့် ၄,၈၀၀ကောင်ခန့်)<br>
ဝန်ထမ်းဖွဲ့စည်းပုံ (စစ်တမ်းကောက်ချိန်)<br>
ဂျပန်လူမျိုး ၈ဦး၊ နည်းပညာအလုပ်သင်နှင့်
</td>
<td>

</td>
</tr>
</table>

<table>
<tr><td>တိုခုတေးဂိနိုး အမှတ်စဉ် (၁) ၅ဦး + အမှတ်စဉ် (၂) ၁ဦး (အားလုံး ဗီယက်နမ်လူမျိုး)</td><td></td></tr>
<tr><td colspan="2">လက်ခံသည့်အဖွဲ့အစည်း၏ ထူးခြားသော ဆောင်ရွက်မှု : သက်မွေးဝမ်းကြောင်းမြှင့်တင်မှု မူဘောင်ပြုလုပ်ခြင်း<br>①နိုင်ငံခြားသားဝန်ထမ်းများရယူခြင်းနှင့်ပတ်သက်၍ အခြားလုပ်ငန်းများနှင့် အပြိုင်အဆိုင် လစာတိုးမြှင့်ပေးရန် လိုအပ်လာလျှက်ရှိသည်။<br>②ဘယ်လိုတိုးမြှင့်သွားရမလဲကို ထည့်သွင်းစဉ်းစားရာတွင် ယခုလက်ရှိ သက်မွေးဝမ်းကြောင်းမြှင့်တင်လုပ်ဆောင်မှုကို ဖော်ဆောင်လျှက်ရှိ။<br>③အဆိုပါဆောင်ရွက်မှုမှာ အလုပ်အကြောင်းအရာ၊ အလုပ်လုပ်ရန်ကြာချိန်နှင့် ထိုအရာကို တည်ငြိမ်စွာ လုပ်ဆောင်လာနိုင်တဲ့အခါ တိုးပေးမည့်လစာပမာဏကို ရေးသားထားသည့်အရာ။</td></tr>
<tr><td colspan="2">【လက်ခံသည့်အဖွဲ့အစည်း (Nishimura စီမံဌာနမှူး) ထံ အင်တာဗျူး】<br>① သက်မွေးဝမ်းကြောင်းမြှင့်တင်ခြင်းလုပ်ဆောင်မှုအနေနဲ့ နိုင်ငံခြားသားတစ်ယောက်ချင်းစီတိုင်းကို အလုပ်အကြောင်းအရာနဲ့ အလုပ်လုပ်ချိန်စာရင်းမှတ်သားခြင်း လုပ်ဆောင်မှုစနစ်နဲ့ပတ်သက်ပြီး ပြောပြပေးပါ။<br>（နောက်ခံ）ယခင်က အနိမ့်ဆုံးလုပ်ခလစာနဲ့ အလုပ်ခန့်လို့ရခဲ့ပေမယ့် ခုတော့ တခြားလုပ်ငန်းတွေနဲ့ အပြိုင်အဆိုင်တွေကြောင့် အခက်တွေ့နေပါတယ်။ ဒါဆို ဘယ်လိုမျိုးလုပ်ခလစာကို</td></tr>
</table>

တိုးမြှင့်သွားမလဲဆိုတာကို စဉ်းစားတဲ့အခါမှာ ဝန်ထမ်းတွေရဲ့သက်မွေးဝမ်းကြောင်းမြှင့်တင်ဖို့ မူဘောင်ကို ရေးဆွဲနေဆဲဖြစ်ပါတယ်။

（ယခုအချိန်ထိ ပြုပြင်ဖို့လိုတဲ့အချက်）အရင်ဆုံး ဘယ်သူကဘယ်အလုပ်ကိုလုပ်လဲဆိုတာကို ဇယားတစ်ခုပြုလုပ်ပြီး အားလုံးမြင်သာအောင်လုပ်ခဲ့ပါတယ်။ ဒီလိုနဲ့ ဝန်ထမ်းအချင်းချင်း အလုပ်ဝန် မမျှတတဲ့ခံစားချက်တွေပျောက်တယ်ဆိုတဲ့ တဆင့်ခံအကျိုးသက်ရောက်မှုလည်းရှိပါတယ်။ ဒါ့အပြင် အလုပ်နှောင့်နှေးနေတာတွေဖြစ်လာတဲ့အခါ တခြားဝန်ထမ်းက အဲဒီနေရာမှာ လည်ပတ်နိုင်လာပြီး ဆန္ဒရှိပါက တစ်ပတ်လျှင် နားရက်၂ရက်ယူလို့ရလာပါတယ်။ တိရစ္ဆာန်တွေကိုကိုင်တွယ်ရတဲ့ ဒီလောကမှာ သိပ်ပြီးရှားပါးတယ်လို့ထင်ပါတယ်။

（ရေးဆွဲနေဆဲ သက်မွေးဝမ်းကြောင်းမြှင့်တင်မှု လုပ်ဆောင်ချက်）အလုပ်အကြောင်းအရာ၊ အလုပ်လုပ်ရန်ကြာချိန်နဲ့ ထိုအရာကို တည်ငြိမ်စွာ လုပ်ဆောင်လာနိုင်တဲ့အခါ တိုးပေးမယ့်လစာပမာဏကို ရေးသားထားတဲ့အရာကို ရေးစွဲနေတာဖြစ်ပါတယ်။ ဒါကို ဝန်ထမ်းအားလုံးဆီမှာ ချပြချင်ပါတယ်။ နောက်ပြီး နိုင်ငံခြားသားဝန်ထမ်းတွေအတွက် ဂျပန်ဘာသာလိုအပ်ချက်ကိုလည်း ဒီမူဘောင်ထဲမှာထည့်သွင်းပြီး ဂျပန်ဘာသာသင်ယူလိုစိတ်ကို မြှင့်တင်ဖို့ဆောင်ရွက်ချက်တွေလည်း လိုအပ်တယ်လို့ထင်ပါတယ်။

② တိုခုတေးဂိနိုး အမှတ်စဉ် (၂) ဝန်ထမ်း Phong sanအကြောင်းကိုလည်း ပြောပြပေးပါ။

အဲဒီအချိန်တုန်းက တိုခုတေးဂိနိုးစနစ်မရှိခဲ့သေးတာကြောင့် ကျွန်ုပ်တို့ကုမ္ပဏီမှာ နည်းပညာ

**အလုပ်သင်ကာလပြီးဆုံးပြီးနောက်မှာ နိုင်ငံကိုပြန်သွားခဲ့ပါတယ်။ တိုခုတေးဂိနိုးစနစ် စတင်ပြီလို့ကြားပြီး သူမကိုအလုပ်ခန့်ဖို့အတွက် ဗီယက်နမ်ကိုသွားပြီး အလုပ်ခန့်ခဲ့ပေမယ့် ကိုရိုနာကြောင့် နိုင်ငံဝင်ဖို့စောင့်ဆိုင်းခဲ့ရပါတယ်။ တိုခုတေးဂိနိုးအမှတ်စဉ် (၂) စာမေးပွဲကိုတော့ ကိုယ်တိုင်ဂျပန်ဘာသာပြဿနာစာအုပ်တွေနဲ့လေ့လာပြီး ကုမ္ပဏီဖက်က ပြဿနာစာအုပ်ကို ပရင့်ထုတ်ရမယ့် စက်စသဖြင့်ကို ကူညီပံ့ပိုးပေးခဲ့ပါတယ်။ ဒီနှစ် ၃လပိုင်း (တိုခုတေးဂိနိုးနဲ့ နိုင်ငံလာခဲ့ပြီး ၃နှစ်မြောက်) မှာ စာမေးပွဲအောင်ခဲ့ပါတယ်။ ယခုအခါမှာ လုပ်ငန်းခွင်ရဲ့ စီမံခန့်ခွဲသူအဖြစ် ဂျပန်လူမျိုးဝန်ထမ်းအပါအဝင် လုပ်ငန်းခွင်ကဝန်ထမ်းတွေကို ညွှန်ကြားနေပါတယ်။ ကုမ္ပဏီဖက်ကလုပ်ချင်တာကို သူမကအကုန်ညွှန်ကြားနိုင်ပြီး အရမ်းကို ထူးချွန်တယ်လို့ထင်ပါတယ်။**



Phong san၏ဓာတ်ပုံ

**【Cao Thiên Phong san (တိုခုတေးဂိနိုး အမှတ်စဉ် (၂) ထံ အင်တာဗျူး】**

**① ဘာကြောင့် ဂျပန်မှာအလုပ်လုပ်တာလဲ။ ဂျပန်မှာ အချိန်ဘယ်လောက်ကြာအလုပ်လုပ်ဖို့ အစီအစဉ်ရှိပါသလဲ**

**→တက္ကသိုလ်ကနေဘွဲ့ရပြီး ၂နှစ်လောက် မိခင်နိုင်ငံမှာအလုပ်လုပ်ခဲ့ပါတယ်။ ဂျပန်ဘာသာ အရည်အချင်းစစ်စာမေးပွဲ N2 ကို ရရှိထားပြီးလို့ ပိုက်ဆံရှာဖွေစုဆောင်းဖို့အတွက် နိုင်ငံခြားမှာအလုပ်လုပ်ဖို့ ဆန္ဒရှိခဲ့တာပါ။**

**Shimomura မွေးမြူရေးမှာ နည်းပညာအလုပ်သင်ပြီးဆုံးပြီး နိုင်ငံကိုပြန်သွားတဲ့နောက် ၄နှစ်ကို**

ဗီယက်နမ်မှာပဲ ကုန်ဆုံးစေခဲ့ပေမယ့် ကျွန်ုပ်တို့ဥက္ကဌရဲ့လိုလိုလားလား တောင်းဆိုမှုကြောင့်

ကျွန်ုပ်တို့ကုမ္ပဏီ တိုခုတေးဂိန်းအဖြစ်နဲ့ တစ်ဖန်ဂျပန်ကိုပြန်လာပြီးအလုပ်လုပ်ဖို့

ဆုံးဖြတ်ချက်ချခဲ့ပါတယ်။

ကျွန်ုပ်တို့ကုမ္ပဏီက ဂျပန်မှာနံပါတ်တစ် အမဲသားထုတ်လုပ်လျှက်ရှိပြီး အဲဒီအလုပ်ကို

လုပ်ချင်ခဲ့ပါတယ်။

② သင်ကဘယ်လိုအလုပ်တွေလုပ်နေရလဲဆိုတာကို ပြောပြပါ။

→အမွေးနက်ဂျပန်နွားမွေးမြူခြင်း၊ ထုတ်လုပ်ခြင်းနဲ့ပတ်သက်တဲ့အလုပ်အပြင်၊ ဂျပန်ဘာသာရော

ဗီယက်နမ်ဘာသာပါရတဲ့အတွက် ဝန်ထမ်းတွေရဲ့အလုပ်နဲ့ နေ့စဉ်ဘဝမှာ အကြံဉာဏ်ပေးတာတို့

ဂရုစိုက်တာတို့လုပ်နေပါတယ်။ တိရစ္ဆာန်တွေနဲ့ပတ်သက်တာမို့ လုပ်ငန်းစဉ်ရဲ့

ဘေးကင်းသန့်ရှင်းရေးမှာလည်း ဂရုစိုက်ပါတယ်။。

③ ဒေသခံတွေနဲ့ အပြန်အလှန်ဆက်ဆံရေးရှိပါသလား

→ဒေသရဲ့ဒေသခံစီမံအုပ်ချုပ်မှုက လုပ်ဆောင်လျှက်ရှိသည့် ဂျပန်ဘာသာသင်တန်းနဲ့ ဒေသ

ချစ်ကြည်ရင်းနှီးမှု ကြက်တောင်၊ ဟင်းချက်သင်တန်းစတဲ့ပွဲတွေမှာလည်း တက်တက်ကြွကြွ

ပါဝင်ပျော်ရွှင်နေပါတယ်။

④ တိုခုတေးဂိန်းအမှတ်စဉ် (၂) စာမေးပွဲအောင်ဖို့ ဘယ်လိုလေ့လာခဲ့ပါသလဲ

→ဝက်ဘ်ဆိုဒ်မှာတင်ထားတဲ့ စိုက်ပျိုးမွေးမြူရေး တိုခုတေးဂိန်း အမှတ်စဉ် (၂) စာမေးပွဲနဲ့ဆိုင်တဲ့

ပြဌာန်းစာအုပ်နဲ့လေ့လာခဲ့ပါတယ်။ တိရစ္ဆာန်နဲ့ပတ်သက်တဲ့အလုပ်ဖြစ်လို့ ပြဌာန်းစာအုပ်တစ်ခုနဲ့

နားလည်ရခက်တဲ့အပိုင်းတွေလည်းရှိခဲ့ပေမယ့် နားမလည်တာတွေကို ကိုယ့်ဖုန်းနဲ့ရှာဖွေ၊

ဘာဖြစ်ဖြစ်နားလည်နိုင်အောင် လုံ့လအားစိုက်ခဲ့ပါတယ်။

⑤ လုပ်ခလစာနဲ့ပတ်သက်ပြီး အားရကျေနပ်မှုရှိပါသလား

→နိုင်ငံကိုပြန်ဝင်လာတဲ့အချိန်မှာ ဥက္ကဌာနဲ့ဆွေးနွေးပြီး ဆုံးဖြတ်ခဲ့ပါတယ်။ ကျွန်ုပ်တို့ကုမ္ပဏီမှာ အခြေခံအားဖြင့် နိုင်ငံခြားသားတွေရဲ့လစာက အချိန်ပေးစနစ်နဲ့ဖြစ်သော်လည်း တိုခုတေးဂိနိုး အမှတ်စဉ် (၂) ဟာ ဂျပန်လူမျိုးတွေနဲ့ကွဲပြားခြားနားခြင်းမရှိ လပေးစနစ်ဖြစ်လာပြီး ကျေနပ်ကြပါတယ်။

⑥ နောက်ပိုင်းဦးတည်ချက်နဲ့ မိခင်နိုင်ငံမှာအနာဂတ်ကို ဘယ်လိုမျိုးတွေထားပါသလဲ

→တတ်နိုင်သလောက်အကြာကြီးအလုပ်လုပ်ပြီး မိခင်နိုင်ငံမှာ စားသောက်ဆိုင်ဖွင့်မယ်လို့ တွေးထားပါတယ်။ မိခင်နိုင်ငံမှာ အမျိုးသားရော ကလေးရောရှိတာမို့ ဖြစ်နိုင်ရန်ခေါ် ပြီး အတူတူ နေထိုင်ချင်ပါတယ်။

⑦ ဂျူနီယာတွေအပေါ်အကြံဉာဏ်

→အခြေခံကတော့ ဂျပန်ဘာသာလေ့လာဖို့ပါ။ နောက်ပြီး ဂျပန်ဘာသာနဲ့အတူ နိုင်ငံခြားသား ချစ်ကြည်ရေးပွဲတွေမှာလည်း ပါဝင်၊ ဂျပန်ရဲ့နေထိုင်မှုနဲ့ ယဉ်ကျေးမှုတွေကိုလည်း သင်ယူစေချင်ပါတယ်။

【"အခုမှလာမယ့် ဗီယက်နမ်လူမျိုးအားလုံးသို့ သတင်းစကား" (ဗီယက်နမ်ဘာသာကို အလွတ်ဘာသာပြန်)】

① ကျွန်မနာမည် Phong လို့ခေါ်ပါတယ်။ Quang Tri ပြည်နယ်မှာမွေးဖွားပါတယ်။

ဂျပန်လူမျိုးတွေက အရမ်းတင်းကြပ်ပေမယ့် နေထိုင်ဖို့အတွက်၊ အလုပ်လုပ်ဖို့အတွက် ဂျပန်စာကိုကြိုးစားသင်ယူပြီး ဂျပန်ရဲ့လူနေမှုဘဝမှာ အသားကျလာခဲ့ပါတယ်။ ဂျပန်မှာ နေထိုင်ရတာ အရမ်းကောင်းပါတယ်။ သန့်ရှင်းပြီး စားစရာတွေကလည်း အန္တရာယ်ကင်း သန့်ရှင်းပါတယ်။ လူတွေကလည်း အရမ်းယဉ်ကျေးသိမ်မွေ့ကြပါတယ်။

② အအိချိစီရင်စုမှာ အရွယ်အစားအကြီးဆုံး Shimomuraမွေးမြူရေးကုမ္ပဏီမှာ အလုပ်လုပ်နေပါတယ်။

အားလုံးပဲ "ကိုဘေးအမဲသား" ကို သိမယ်လို့ထင်ပေမယ့်"ကိုဘေးအမဲသား" အပြင် ဂျပန်မှာ အလားတူအရည်အသွေးအရမ်းကောင်းပြီး အရမ်းနာမည်ကြီးတဲ့ အမျိုးအစားကို မွေးမြူနေပါတယ်။ ဂျပန်မှာကလွဲပြီး မွေးမြူလို့မရတဲ့နွားအမျိုးအစားဖြစ်ပါတယ်။

③ စိုက်ပျိုးမွေးမြူရေးအလုပ်က အားလုံးလည်းပဲသိထားတဲ့အတိုင်း အရမ်းပင်ပန်းဆင်းရဲပေမယ့် လုံ့လစိုက်ထုတ်မယ်ဆိုရင် ဘယ်လိုအရာမျိုးကိုမဆို ကျော်လွှားနိုင်ပါတယ်။

အလုပ်လုပ်ပုံလုပ်နည်း၊ နေထိုင်နည်း၊ ပြီးတော့ ဖွံ့ဖြိုးတိုးတက်မှုနည်းလမ်းတွေကို သင်ယူဖို့အတွက်လည်းဖြစ်ပါတယ်။

ဂျပန်ကိုရောက်လာကာ နည်းပညာအလုပ်သင်ဖြစ်လာခဲ့ပြီး အဲဒီနောက်မှာတော့ တိုခုတေးဂိနိုး အမှတ်စဉ် (၁) ဗီဇာအဖြစ်ပြောင်းလဲလိုက်ကာ၊ ယခုလက်ရှိမှာတော့ တိုခုတေးဂိနိုး အမှတ်စဉ် (၂) ကို ရရှိထားပါတယ်။ ရှည်လျားတဲ့ခရီးလမ်းဖြစ်ခဲ့ပေမယ့် ယခုဆိုရင် ဂျပန်လူမျိုးတွေနဲ့အတူ ရင်ဘောင်တန်းအလုပ်လုပ်နိုင်လာခဲ့ပါပြီ။

④ တနည်းအားဖြင့် အခွင့်အရေးပေါင်းများစွာ ရှိနေတာပါ။ အခွင့်အရေးရှိမယ်ဆိုရင် သေချာပေါက်

**ဂျပန်ကိုလာခဲ့ပါ။ ထူးခြားကောင်းမွန်တဲ့အရာများစွာ အားလုံးကိုစောင့်မျှော်နေပါတယ်။**